# First Myanmar Investment Public Co., Ltd's ၏
# (၃၄) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး
# အမှုဆောင်အရာရှိချုပ်နှင့် အမှုဆောင်ဒါရိုက်တာ ၏ အစီရင်ခံစာ

FMI ကုမ္ပဏီ၏ ၃၄ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို တက်ရောက်လာကြတဲ့ SECM နဲ့ YSX မှ တာဝန်ရှိသူများ၊ ဒါရိုက်တာများ၊ အစုရှယ်ယာရှင်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်တို့ရဲ့ နှစ်ပတ်လည် အစည်းအဝေးကို ရှေ့နှစ်ပိုင်းတွေမှာ အွန်လိုင်းကနေဘဲ ပြုလုပ်ခဲ့တာကနေ ယခုနှစ်မှာ လူကိုယ်တိုင် တက်ရောက် နိုင်အောင် ပြန်လည်စီစဥ် ကျင်းပတဲ့အတွက် အစုရှယ်ယာရှင်များအနေနဲ့ ကြိုက်နှစ်သက်ကြမယ်လို့ ကျွန်တော် ထင်ပါတယ်။ အားလုံးကို အခုလို ပြန်လည် တွေ့ခွင့်ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။

ဒီနေ့ နှစ်ပတ်လည် အစည်းအဝေးကို အွန်လိုင်းမှရော၊ လူကိုယ်တိုင်ရော တက်ရောက်ကြသူတွေ အားလုံးကို ကျေးဇူးတင်ကြောင်း ကျွန်တော် ဦးစွာ ပြောကြားလိုပါတယ်။

ယခုနှစ်ပတ်လည်အစည်းအဝေးဟာ ၃၁-၃-၂၀၂၅ ရက်နေ့မှာ ကုန်ဆုံးတဲ့ FY2025 ဘဏ္ဍာနှစ်အတွင်း လုပ်ငန်း ဆောင်ရွက်မှုရလဒ်များကို ပြန်လည်သုံးသပ်ရမဲ့ နေ့တစ်နေ့ဘဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ဟာဆိုရင် ကျွန်တော်တို့ရဲ့ ခံနိုင်ရည်ရှိမှု၊ စည်းစနစ်ကျမှုနဲ့ ရှေ့သို့ တက်လှမ်းနိုင်မှုတွေကို စမ်းသပ်ခံခဲ့ရတဲ့ နှစ်တစ်နှစ် ဖြစ်ခဲ့ပါတယ်။ နိုင်ငံအတွင်းမှာ ကြီးမားတဲ့ သဘာဝဘေးအန္တရာယ်တွေကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလမှာ တစ်ကြိမ်၊ ၂၀၂၅ ခုနှစ် ၊ မတ်လမှာ တစ်ကြိမ် ကြုံတွေ့ခဲ့ရပြီး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဥ်တွေမှာ ကုမ္ပဏီအနေနဲ့ လိုအပ်တဲ့နေရာကနေ ပါဝင်ကူညီပေးခဲ့တယ်။

ဒီသဘာဝဘေးအန္တရာယ်တွေကြောင့် ကျွန်တော်တို့ရဲ့ လုပ်ငန်းလည်ပတ်မှုတွေအပေါ်မှာ အကျိုးဆက်သက်ရောက်မှုတွေ ရှိနေခဲ့ပေမဲ့ စီးပွားရေးစွမ်းဆောင်ရည်တွေအပေါ်မှာတော့ သိသာတဲ့ ထိခိုက်မှုတွေ မရှိခဲ့ဘူးဆိုတာကို ကျွန်တော် တင်ပြချင်ပါတယ်။

ဆက်လက်ပြီး ရင်းနှီးမြှုပ်နှံထားသည့် Subsidiaries and Associates လုပ်ငန်းအသီးသီးက လုပ်ဆောင်မှုရလဒ်များကို အကျဥ်းချုံး တင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံးအနေနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍက ရိုးမဘဏ်အကြောင်းကို ကျွန်တော် စတင် တင်ပြပါမယ်။

ရိုးမဘဏ်၏ လုပ်ငန်းလည်ပတ်မှုအပိုင်းမှာ ကာစတန်မာတွေအပေါ် ကူညီထောက်ပံ့ပေးမှုနဲ့ ကာစတန်မာတွေရဲ့ ဘဏ်အပေါ်ထားရှိတဲ့ ယုံကြည်မှုတို့ကြောင့် ၂၀၂၄ ခုနှစ် ၊ မတ်လမှာ စုစုပေါင်း အပ်ငွေပမာဏ ကျပ်ငွေ (၄.၇) ထရီလီယံအထိရှိပြီး ယခုနှစ် အောက်တိုဘာလကုန်မှာ အပ်ငွေပမာဏ ကျပ်ငွေ (၅.၂) ထရီလီယံအထိ တိုးတက် ရရှိခဲ့ပါတယ်။ ဒါ့အပြင် အပ်နှံငွေနဲ့ ချေးငွေအချိုးတို့ကို မျှတစွာ ထားရှိခြင်း၊ ဘဏ်ခွဲတွေမှာ လုံလောက်တဲ့ ငွေသားအရန်တွေ ထားရှိနိုင်ခဲ့တာကြောင့် ကောင်းမွန်တဲ့ ငွေကြေးစီးဆင်းမှုနှင့် ဝန်ဆောင်မှုတို့ကို ပေးနိုင်ခဲ့ပါတယ်။ ဒစ်ဂျစ်တယ်နည်းပညာပိုင်းဆိုင်ရာမှာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလမှာ စတင်မိတ်ဆက်ပေးခဲ့တဲ့ Myanmar Pay စနစ်အတွက်

ရိုးမဘဏ်က အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်ခဲ့ပြီး၊ မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် Wave Money ရဲ့ အဓိက ငွေလွှဲဖလှယ်ရေးဘဏ်အဖြစ်လည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ အခုဆိုရင် Wave Money အနေဖြင့် ပြည်တွင်းတွင်မက ၎င်း၏ ပြည်ပရောက် Customer များအနေဖြင့် 2C2P Wave Application ကို အသုံးပြုပြီး ထိုင်းနိုင်ငံကနေမှ ပြည်တွင်းရှိ ရိုးမဘဏ်စာရင်းသို့ လုံခြုံစိတ်ချစွာ တိုက်ရိုက်ငွေလွှဲနိုင်နေပြီ ဖြစ်ပါတယ်။ ဒီစနစ်ကို သက်ဆိုင်ရာခွင့်ပြုချက်များရရှိပြီး ယခုလမှာ စတင်အသုံးပြုနိုင်ပြီဖြစ်ပါတယ်။

ရိုးမဘဏ်အနေနှင့် FMI ကုမ္ပဏီအုပ်စု၏ FY2025 ဘဏ္ဍာနှစ်အတွက် စုစုပေါင်းဝင်ငွေ၏ (၈၁)% နှင့် လုပ်ငန်းလည်ပတ်မှု အမြတ်ငွေ (Operating Profit) ၏ (၂၀)% ပံ့ပိုးခဲ့ပြီး၊ လာမည့်ဘဏ္ဍာနှစ်မှာလည်း ကောင်းမွန်တဲ့ ရလဒ်တွေနှင့် ပံ့ပိုးနေမည်လို့ ခန့်မှန်းထားပါတယ်။ ရိုးမဘဏ်၏ လုပ်ငန်းလည်ပတ်မှုသည် အခြား Subsidiaries ကုမ္ပဏီများနည်းတူ သီးခြားလွတ်လပ်စွာ လည်ပတ်နေပြီး၊ လက်ရှိတွင် ၎င်း၏ အမှုဆောင်အရာရှိချုပ်ဖြစ်တဲ့ ဦးကျော်စိုးလင်း၏ ဦးဆောင်မှုဖြင့် အောင်မြင်စွာလည်ပတ်နေပါသည်။ ရိုးမဘဏ်၏ ဘဏ္ဍာနှစ်ရလဒ်အတွက် ကျွန်တော့်အနေနှင့် ရိုးဘဏ်၏ Management နှင့် ဝန်ထမ်းတွေအားလုံးကို ကျေးဇူးတင်ကြောင်း တင်ပြချင်ပါတယ်။

ဆက်လက်ပြီး ပန်းလှိုင်ဆေးရုံအကြောင်းကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီနှစ်မှာ ပန်းလှိုင်ဆေးရုံရဲ့ နှစ် ၂၀ ပြည့်မြောက်ပြီး ဖြစ်ပါတယ်။ ပန်းလှိုင်ဆေးရုံအနေနှင့် ဒီနှစ်ပေါင်း ၂၀ အတွင်းမှာ နိုင်ငံတစ်ဝှမ်း ကျန်းမာရေး စောင့်ရှောက်မှု စံနှုန်းတွေကို မြှင့်တင်နိုင်ခြင်းအတွက် တစ်တပ်တစ်အားဆောင်ရွက်ပေးနိုင်ခဲ့တာကို မှတ်တမ်းတင် ချင်ပါတယ်။

လက်ရှိမှာဆိုရင် ပန်းလှိုင်ဆေးရုံက ဆေးရုံ (၃) ခု ၊ ဆေးခန်း ၆ ခု တို့နဲ့ လုပ်ငန်းလည်ပတ်နေပြီး နိုဝင်ဘာလကုန်မှာလည်း နောက်ထပ် အထူးကုဆေးခန်းအသစ်ကို အောင်ပန်းမှာ ဖွင့်ဖို့ စီစဥ်ထားပါတယ်။ ဒီဆေးခန်းအသစ်မှာမှာ ပြင်ပလူနာဌာနအပြင်၊ ကျန်းမာရေးစစ်ဆေးတာတွေ ၊ ကျောက်ကပ်သန့်စင်ရေးကုသမှုတွေနဲ့ ကင်ဆာကုသရေးတွေကိုပါ လုပ်ဆောင်နိုင်မှာ ဖြစ်ပါ တယ်။

ဒ့ါအပြင် G&G store နဲ့ မိတ်ဖက်ပြီးတော့လည်း Lab Collection Center ၂ ခုကို ရန်ကုန်မြို့ရဲ့ မြောက်ဒဂုံနှင့် စံပြတို့မှာ ဖွင့်လှစ်ခဲ့ပြီး တောင်ကြီးမြို့မှာ ၁ ခု ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလို Lab Collection Center တွေကို ဖွင့်လှစ်သွားဖို့ ရှိပြီး၊ ဒီလိုဆောင်ရွက် ပေးခြင်းအားဖြင့် အများပြည်သူတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုကွန်ယက်ကို ပိုမိုကျယ်ပြန့် လာအောင် ဆောင်ရွက် ပေးနိုင်မည်လို့ မျှော်လင့်ပါတယ်။

ပန်းလှိုင်ဆေးရုံ၏ ဒါရိုက်တာအဖွဲ့အနေနှင့် ဆေးရုံ၏လိုအပ်ချက်ကို ပြန်လည်သုံးသပ်ပြီး ရန်ကုန်မြို့ လှိုင်သာယာမှာရှိတဲ့ ပန်းလှိုင်ဆေးရုံမှာ ကင်ဆာရောဂါကုသရေးဌာန တည်ဆောက်ဖို့ စီစဥ်ထားသည့် အစီအစဥ်ကို ရွှေ့ဆိုင်းပြီး မန္တလေးနှင့် တောင်ကြီးမြို့တွေမှာရှိတဲ့ ဆေးရုံတွေရဲ့ တိုးချဲ့ရေးကိုသာ အာရုံစိုက် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် တောင်ကြီးမှာရှိတဲ့ ကုတင် ၁၀၀ ဆံ့ပန်းလှိုင်ဆေးရုံကို ကုတင် ၂၅၀ ဆံ့ ဆေးရုံအဖြစ် တိုးချဲ့ဖို့ကို စတင်ခဲ့ပြီး ၂၀၂၈ ခုနှစ်ဆန်းပိုင်းမှာ အပြီးသတ်နိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ ဒီကာလကြားထဲ လက်ရှိတောင်ကြီးဆေးရုံ၏ ဝန်ဆောင်မှုတွေ ထိခိုက်မှုမရှိဘဲ ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

ဒစ်ဂျစ်တယ်နည်းပညာပိုင်းမှာဆိုလည်း ပန်းလှိုင်ဆေးရုံ၏ mobile application ဖြစ်တဲ့ HEAL by Pun Hlaing Application မှာလည်း လုပ်ဆောင်ချက်အသစ်တွေကို ထည့်သွင်းနိုင်ခဲ့ပါတယ်။ ဒီ App ကနေတဆင့် ဆရာဝန်တွေနဲ့ အွန်လိုင်းကနေ

တိုက်ရိုက် တိုင်ပင်ဆွေးနွေးတာတွေ မက်ဆေ့ပို့တာတွေ၊ ဆရာဝန်ရက်ချိန်းယူတာတွေ၊ ကိုယ့်ရဲ့ ဆေးကုသမှုမှတ်တမ်းတွေကို တနေရာတည်းမှာ သိမ်းထားပြီး အချိန်မရွေး ယူကြည့်နိုင်တာတွေ၊ ဆေးမှာယူတာတွေ၊ အိမ်တိုင်ရာရောက် ကျန်းမာရေး ဝန်ဆောင်မှု နဲ့ အရေးပေါ် လူနာတင်ကားခေါ်တာတွေအထိပါ လုပ်ဆောင်နိုင်တာ ဖြစ်ပါတယ်။ အခုဆိုရင် ဒီ heal app ကို အသုံးပြုသူဦးရေက ၁ သိန်းနီးပါးထိ ရှိလာပြီ ဖြစ်ပါတယ်။ ပန်းလှိုင် ဆေးရုံအနေနှင့် ဒီ HEAL App ကို ဆက်လက် အဆင့်မြှင့်တင်ခြင်းဖြင့် ပိုမိုကောင်းမွန်တဲ့ ကျန်းမာရေးဝန်ဆောင်မှုတွေ ပေးနိုင်မည်ဖြစ်ပါတယ်။

ပန်းလှိုင်ဆေးရုံအနေနှင့် FMI ကုမ္ပဏီအုပ်စု၏ FY2025 ဘဏ္ဍာနှစ်အတွက် စုစုပေါင်းဝင်ငွေ၏ (၁၉)% နှင့် လုပ်ငန်း လည်ပတ်မှု အမြတ်ငွေ၏ (၂၄)% ပံ့ပိုးခဲ့ပြီး၊ လာမည့်ဘဏ္ဍာနှစ်မှာလည်း ကောင်းမွန်တဲ့ ရလဒ်တွေနှင့် ပံ့ပိုးနေမည်လို့ ခန့်မှန်းထားပါတယ်။

ပန်းလှိုင်ဆေးရုံ၏ လက်ရှိ အမှုဆောင်အရာရှိချုပ် Dr Gershu Paul က ဒီလကုန်မှာ အလုပ်တာဝန်မှ အနားယူပြီး COO ဖြစ်တဲ့ Dr Zaw Win Sandy ကို တာဝန်လွှဲပြောင်းပေးအပ်သွားမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ်တစ်ခုအတွင်း ပန်းလှိုင်ဆေးရုံ တိုးတက်ပြောင်းလဲမှုတွေများစွာကို အကောင်အထည်ဖော်ပေးခဲ့တဲ့ Dr Gershu Paul ကို အထူး ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ချင်ပါတယ်။ Dr Gershu Paul အနေနှင့် ပန်းလှိုင်ဆေးရုံ၏ Healthcare Council မှာ ဂုဏ်ထူးဆောင် နာယက အဖြစ် အကြံပေး တာဝန်ဆက်လက်ထမ်းဆောင်သွားမှာဖြစ်ပါသည်။

Dr Zaw Win Sandy ကိုလည်း FMI ကုမ္ပဏီ၏ အမှုဆောင်ဒါရိုက်တာအနေနဲ့ တာဝန်ထမ်းဆောင်ရန်အတွက် Nomination Committee ကဖိတ်ခေါ်ခဲ့ရာ သူမကလည်း လက်ခံခဲ့ပြီး ယခုနှစ် ဇွန်လမှ တာဝန်စတင် ထမ်းဆောင်ပါတယ်။ Dr Zaw Win Sandy ၏ လုပ်ငန်းအတွေ့အကြုံ၊ ခေါင်းဆောင်နိုင်မှုတွေက ကုမ္ပဏီအုပ်စုအတွက် များစွာ အကျိုးရှိစေမယ်လို့ ယုံကြည်ပါတယ်။ သူမကို အမှုဆောင်ဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းအတွက် ကုမ္ပဏီ၏ အခြေခံစည်းမျဉ်း (၁၆.၇) အရ အတည်ပြုရန် ဒီနေ့ အစည်းအဝေးမှာ ဆုံးဖြတ်သွားမှာဖြစ်ပြီး အစုရှယ်ယာရှင်များအနေနှင့် ထောက်ခံလိမ့်မည့်လို့ ယုံကြည်ပါတယ်။

ဆက်လက်ပြီး Yoma Land နဲ့ပတ်သက်ပြီး ရှင်းပြသွားမှာ ဖြစ်ပါတယ်။ Yoma Land မှာဆိုရင် FMI ရင်းနှီးမြှုပ်နှံထားသည့် StarCity နှင့် City Loft West စီမံကိန်း ၂ ခုရဲ့ လုပ်ငန်းဆောင်ရွက်မှု အနေအထားကို ကျွန်တော် တင်ပြသွားမှာ ဖြစ်ပါတယ်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှာ စတင်မိတ်ဆက်ပေးခဲ့တဲ့ StarCity ရဲ့ Estella Townhouse စီမံကိန်းမှာရှိတဲ့ အိမ်ခန်းပေါင်း ၆၉၀ လုံးကို ရောင်းချပြီး ဖြစ်ပါတယ်။ ဒီရောင်းချပြီးသား အိမ်ခန်းအားလုံးကိုလည်း သတ်မှတ်ချိန်အတွင်း ဆောက်လုပ်ပြီးစီးခဲ့ပြီး ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှစတင်ပြီး ဝယ်ယူသူများထံ အဆင့်ဆင့် လွှဲအပ်ခဲ့တာဆိုရင် ယခုအချိန်မှာ အိမ်ခန်းပေါင်း ၅၈၂ လုံးကို ဝယ်ယူသူတွေထံ အပ်နှံနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ ၁၀၇ ခန်းကိုလည်း မကြာခင်အချိန်အတွင်းမှာ ဝယ်ယူသူတွေထံ အပြီးသတ် အပ်နှံသွားမှာ ဖြစ်ပါတယ်။

အလားတူ blue collar တွေအတွက် ရည်ရွယ်ပြီး ဆောက်လုပ်ထားတဲ့ Ara စီမံကိန်းရဲ့ အိမ်ခန်းပေါင်း ၆၃၄ လုံးအနက် ၉၀.၅% ကို ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ၊ ဒီဇင်ဘာလမှာ ဝယ်ယူသူများထံ လွှဲပြောင်းအပ်နှံနိုင်ဖို့အတွက် ကြိုးစား ဆောင်ရွက်လျက် ရှိပါတယ်။

ထို့အပြင် StarCity မှာရှိတဲ့ City Loft တာဝါ (၁၁) ခုလုံး တည်ဆောက်ပြီးစီး၍ အိမ်ဝယ်သူတွေထံ အပ်နှံနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ အိမ်ရာဝင်းအတွင်း စားသောက်ဆိုင်အသစ်တွေနဲ့ တခြားဆိုင်ခန်းအသစ်တွေကြောင့် နေထိုင်သူတွေအတွက် ပိုအဆင်ပြေပြီး လူနေမှုအရည်အသွေးကို မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ အခုဆိုရင် StarCity မှာ နေထိုင်သူဦးရေ ၉,၀၀၀ ကျော်ရှိနေပြီ ဖြစ်ပါတယ်။

လှိုင်သာယာမှာရှိတဲ့ city loft west စီမံကိန်းမှာဆိုရင်လည်း phase 1 မှာ တာဝါပေါင်း ၈ ခု ရှိတဲ့အနက် ၃ ခုကို တစ်ပြိုင်နက်တည်းဆောက်လုပ်လျှက်ရှိပြီး၊ ဒီတာဝါ ၃ ခုမှာ တိုက်ခန်းပေါင်း ၇၁၅ ခန်း ပါဝင်ပါတယ်။ ဒီတိုက်ခန်းတွေရဲ့ ၉၃% ကိုလည်း ရောင်းချထားပြီးဖြစ်ပါတယ်။ ဒီနှစ် နှစ်ဆန်းပိုင်းတုန်းက ဆောက်လုပ်ရေးလုပ်ငန်းစဥ် ပြန်လည် စိစစ်မှုတွေကြောင့် အချိန်ကြန့်ကြာမှုတွေရှိခဲ့ပေမဲ့ ဇွန်လကတည်းက ဆောက်လုပ်ရေးလုပ်ငန်းတွေ ပြန်လည် စတင်နေတာကြောင့် မူလကလျာထားတဲ့အချိန်နဲ့ အရမ်းကွာခြားမှုမရှိဘဲ ဝယ်ယူသူတွေထံ အခန်းအပ်နှံသွားမည်လို့ ခန့်မှန်းထားပါတယ်။ ဒီစီမံကိန်းသည်လည်း လှိုင်မြစ်တစ်ဖက်ကမ်းမှာ ရန်ကုန်မြို့၏ ပြယုဂ်တစ်ခုအနေနှင့် ပေါ်ထွန်း လာမည့် အိမ်ရာစီမံကိန်းဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ Memories Group ဟာဆိုရင် ခရီးသွားကဏ္ဍရဲ့ စိန်ခေါ်မှုတွေအကြား ဆက်လက်ရပ်တည်နေဆဲ ဖြစ်ပါတယ်။ နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှု နည်းနေသေးပေမဲ့လည်း Memories Group အနေနဲ့ အရှုံး အနည်းဆုံးနဲ့ ရပ်တည်နိုင်အောင်၊ လုပ်ငန်းလည်ပတ်မှု စရိတ်ကို ကာမိအောင် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဒီ Real Estate နှင့် Tourism လုပ်ငန်းများသည် FMI ကုမ္ပဏီအုပ်စု၏ Associate Entities များဖြစ်ပြီး၊ ၎င်းတို့မှ FY2025 ဘဏ္ဍာနှစ်အတွက် Operating Profit ၏ (၅၅)% ပံ့ပိုးခဲ့ပြီး၊ လာမည့်ဘဏ္ဍာနှစ်မှာလည်း ကောင်းမွန်တဲ့ ရလဒ်တွေနှင့် ပံ့ပိုးနေမည်လို့ ခန့်မှန်းထားပါတယ်။

စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်မှာ စိန်ခေါ်မှုတွေ၊ မသေချာမှုတွေ ရှိနေသေးပေမဲ့လည်း ကောင်းမွန်တဲ့ ဘဏ္ဍာရေးဆိုင်ရာ ရလဒ်တွေကို ရရှိနိုင်ခဲ့ပါတယ်။ ၂၀၂၅ ဘဏ္ဍာရေးနှစ်မှာဆိုရင် စုစုပေါင်းဝင်ငွေကျပ် ၅၅၄.၇ ဘီလီယံ ရရှိခဲ့တာကြောင့် အရင်နှစ် ၄၉၉.၁ ဘီလီယံ နဲ့ နှိုင်းယှဥ်ရင် ၁၁.၁% တိုးတက်လာခဲ့ပါတယ်။ ကုမ္ပဏီအုပ်စုရဲ့ အကြမ်းအမြတ်ဆိုရင် ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂၀၂.၆ ဘီလီယံ ရရှိခဲ့တာကနေ ယခုနှစ်မှာ ကျပ် ၁၈၂.၈ ဘီလီယံ ရရှိခဲ့တာကြောင့် ၁၈.၈% ကျဆင်းခဲ့ပါတယ်။ ကုမ္ပဏီအုပ်စုရဲ့ စုစုပေါင်း အသားတင် အမြတ်ငွေမှာ ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၅၈.၁ ဘီလီယံ ရရှိခဲ့တာကနေ ယခုနှစ်မှာ ကျပ် ၁၀.၉ ဘီလီယံ ရရှိခဲ့တာကြောင့် ၈၁.၂% ကျဆင်းခဲ့တာဖြစ်ပါတယ်။

အစုရှယ်ယာရှင်တွေ အားလုံး သိချင်နေကြတဲ့ အမြတ်ဝေစုကိစ္စနှင့် ပတ်သက်ပြီး ဆက်လက်ပြောကြားလိုတာကတော့ ကုမ္ပဏီအုပ်စုအနေနဲ့ အမြတ်အစွန်းတွေ ရရှိနေပေမဲ့ တာဝန်ခံဆောင်ရွက်ရမည့် ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်တွေ မပြီးပြတ်သေးတာကြောင့် အမြတ်ဝေစု မခွဲနိုင်သေးကြောင်း ပြောချင်ပါတယ်။ ဒီကြားထဲ အလုပ်ကိစ္စတွေ စီစဥ်ရာမှာ ပြီးပြတ်ခဲ့ရင် ကျွန်တော်တို့အနေနဲ့ နောက်နှစ်ပတ်လည် အစည်းအဝေးအထိ မစောင့်ဆိုင်းဘဲ အမြတ်ဝေစု ပေးနိုင်ဖို့ အတွက် ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။

ကျွန်တော် နိဂုံးချုပ်စကား မပြောကြားခင် ကျွန်တော်တို့ ကုမ္ပဏီအုပ်စုရဲ့ ခေါင်းဆောင်မှုနဲ့ အခြေခံတန်ဖိုးတွေကို လေးနက်စွာပုံဖော်ပေးခဲ့တဲ့ ပုဂ္ဂိုလ်နှစ်ဦးကို ကျွန်တော် အချိန်ခဏလောက်ပေးပြီး အသိအမှတ်ပြုချင်ပါတယ်။

ဦးစွာ ကျွန်ုပ်တို့ FMI ရဲ့ တည်ထောင်သူဖြစ်တဲ့ ဦးသိမ်းဝေဟာဆိုရင် သူရဲ့အမြော်အမြင်ရှိမှုနှင့် သူချမှတ်ပေးခဲ့တဲ့ အခြေခံတန်ဖိုးထားမှုတွေက အခုချိန်အထိ ကျွန်ုပ်တို့ လျှောက်လှမ်းနေတဲ့ ခရီးလမ်းကို လမ်းညွှန်ပေးလျက်ရှိပါတယ်။ ပြည်သူများအတွက် ပိုမိုကောင်းမွန်သော မြန်မာနိုင်ငံတော် တည်ဆောက်ရန် ဆိုတဲ့ ချမှတ်ခဲ့သည့် ခံယူချက်ကိုလည်း ကုမ္ပဏီအုပ်စုရဲ့ ရည်မှန်းချက်အဖြစ် အမြဲလက်စွဲပြု ကျင့်သုံးသွားမှာ ဖြစ်ပါတယ်။ ဦးသိမ်းဝေဟာ ၂၀၂၄ ခုနှစ် စက်တင်ဘာလမှာ လုပ်ငန်းတာဝန်များမှ အနားယူခဲ့ပြီး၊ အစုရှယ်ယာရှင်အဖြစ် ဆက်လက်ရှိနေမည်ဖြစ်ပါတယ်။ FMI ကုမ္ပဏီကို အမြုတေအဆင့်ကနေ ယနေ့အနေအထားအထိ နှစ်ပေါင်း (၃၀) ကျော် ဦးဆောင်တည်ဆောက်ခဲ့သည့် ဦးသိမ်းဝေ၏ အမြော်အမြင်ကြီးမှု၊ အပတ်တကုတ်ကြိုးပမ်းဆောင်ရွက်မှု၊ စွန့်လွှတ်အနစ်နာခံမှုကို ကျွန်တော်တို့ အနေနှင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါတယ်။

ဆက်လက်၍ လွန်ခဲ့သည့်လက ကွယ်လွန်သွားခဲ့တဲ့ ကျွန်ုပ်တို့ရဲ့ အမှုဆောင်မဟုတ်သော ဥက္ကဋ္ဌဟောင်း ဦးလင်းမြိုင် ကိုလည်း ဒီနေရာကနေ မှတ်တမ်းတင် ဂုဏ်ပြုလိုပါတယ်။ သူ၏ ကုမ္ပဏီအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုတွေကို ကုမ္ပဏီမှအမြဲ အမှတ်ရနေမှာ ဖြစ်ပါတယ်။ သူ့ရဲ့ ကျန်ရစ်သူမိသားစုနဲ့ထပ်တူ ဝမ်းနည်းကြောင်းကို ဘုတ်အဖွဲ့ဝင်နဲ့ စီမံခန့်ခွဲရေး အဖွဲ့ကိုယ်စား ကျွန်တော် ကနေပြီးတော့ ထပ်လောင်း ပြောကြားလိုပါတယ်။

ဒါကြောင့် လစ်လပ်သွားတဲ့ ဦးလင်းမြိုင်နေရာမှာ အရင်ကတည်းက လုပ်ငန်းစုမှာ နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့တဲ့ U Tin Htut Oo ကို အမှုဆောင်မဟုတ်သော ဥက္ကဋ္ဌနေရာမှာ တာဝန်ထမ်းဆောင်ဖို့ Nomination Committee က ဖိတ်ခေါ် ခန့်အပ်ခဲ့တာ ဖြစ်ပါတယ်။ ဦးတင်ထွဋ်ဦး ဟာဆိုရင် စိုက်ပျိုးရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေအပြင် နိုင်ငံအဆင့် တာဝန်များနှင့် နိုင်ငံတကာအဆင့် အတိုင်ပင်ခံပုဂ္ဂိုလ် အဖြစ်လည်းကောင်း စတော့အိပ်ချိန်းစာရင်းဝင် ဒါရိုက်တာဘုတ် အဖွဲ့ဝင်အဖြစ်လည်းကောင်း အတွေ့အကြုံများစွာ ရှိသူတစ်ဦးဖြစ်ပါတယ်။ သူ့ရဲ့ လုပ်ငန်းအတွေ့အကြုံ၊ ကျွမ်းကျင်မှု တွေက ကုမ္ပဏီအုပ်စုရဲ့ Corporate Governance စနစ်တွေ ဆက်လက်အားကောင်းစေဖို့အတွက် များစွာအထောက်အကူ ဖြစ်စေမယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဦးတင်ထွဋ်ဦးအား အမှုဆောင်မဟုတ်သည့် ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းအတွက် ကုမ္ပဏီ၏ အခြေခံစည်းမျဉ်း (၁၆.၇) အရ အတည်ပြုရန် ဒီနေ့ အစည်းအဝေးမှာ ဆုံးဖြတ်သွားမှာ ဖြစ်ပြီး အစုရှယ်ယာရှင်များအနေနှင့် ထောက်ခံလိမ့်မည့်လို့ ယုံကြည်ပါတယ်။

FMI ကုမ္ပဏီကို လုပ်ငန်းကျွမ်းကျင်သူများနှင့် လည်ပတ်ရပ်တည်နိုင်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ဖြစ်ပေါ်လာစေရန် Success Planning ဖြင့် နှစ်ပေါင်းများစွာ တည်ဆောက်လာခဲ့ပါသည်။

အနာဂတ်မှာ ကုမ္ပဏီအုပ်စုကို နိုင်ငံတကာကော်ပိုရိတ်အဖွဲ့အစည်းများတန်းတူ ခွန်အားပိုမိုကောင်းမွန်သည့် ကုမ္ပဏီအဖွဲ့အစည်း တစ်ရပ်ဖြစ်လာစေရေး အတွက် ဆက်လက်တည်ဆောက် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ ရှယ်ယာရှင်များရဲ့ ကုမ္ပဏီအပေါ်ထားရှိတဲ့ ယုံကြည်မှုနှင့် ကူညီပံ့ပိုးမှုတွေအတွက် ကျေးဇူးတင်ရှိပါတယ်။ နောက်ပြီး ဘုတ်အဖွဲ့ဝင် ဒါရိုက်တာများရဲ့ လမ်းညွှန်ပြသမှုတွေ ၊ ကျွန်တော်တို့ ဝန်ထမ်းတွေနှင့် စီမံခန့်ခွဲမှုဆိုင်ရာအဖွဲ့သားများအားလုံးရဲ့ ကြိုးစားအားထုတ်မှုတွေအတွက်လည်း ကျေးဇူးတင်ကြောင်း ပြောကြား လိုပါတယ်။ ဒီနေ့ နှစ်ပတ်လည် အစည်းအဝေးကို တက်ရောက်ကြသူတွေ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ လာမယ့်လတွေ၊ နှစ်တွေမှာ အကောင်းဆုံးသော အရာတွေနဲ့ ကြုံတွေ့ရပါစေလို့ ကျွန်တော်ဆုမွန်ကောင်း တောင်းပေး လိုက်ပါတယ်။

**First Myanmar Investment Public Co., Ltd's**
**34th Annual General Meeting**
**Business Update by Chief Executive Officer & Executive Director**

Good morning and a warm welcome to the officials from SECM and YSX, our Directors, and all our shareholders attending the 34th Annual General Meeting of FMI.

In recent years, our AGMs were conducted online, but this year, I am truly pleased that we can once again gather in person. I believe our shareholders will appreciate this opportunity for face-to-face engagement, and I am delighted to see everyone here today.

First and foremost, I would like to extend my sincere thanks to all who are joining today's meeting, both in person and virtually.

Today's AGM is an important occasion to review our performance for the financial year ended 31 March 2025 (FY2025). The past year has been a real test of resilience, discipline, and perseverance. Myanmar endured two major natural disasters — one in September 2024 and another in March 2025. During these difficult times, FMI actively participated in relief and rebuilding efforts where support was needed most.

Although these disasters caused some operational challenges, I am pleased to report that there was no significant impact on our overall financial performance.

Let me now share an overview of our key businesses and their progress.

Starting with our Financial Services segment — Yoma Bank.

The Bank's growth this year was driven by the continued trust and support of our customers. As of March 2024, total deposits stood at MMK 4.7 trillion, rising to MMK 5.2 trillion by the end of October 2025. With prudent management of deposits and loans, and sufficient reserves across its branches, Yoma Bank maintained strong liquidity and seamless service continuity.

In the digital technology space, Yoma Bank played a key role in the Myanmar Pay system, which was launched in December 2024, and also served as the main settlement bank for its partner, Wave Money. Today, Wave Money customers, both in Myanmar and overseas can securely transfer funds directly from Thailand to Yoma Bank accounts in Myanmar using the 2C2P Wave application. The system has obtained all necessary regulatory approvals and officially became operational this month.

In FY2025, Yoma Bank contributed approximately 81% of the Group's total revenue and 20% of its operating profit. It continues to operate independently under the capable leadership of CEO U Kyaw Soe Linn. I would like to take this opportunity to thank the management team and all employees of Yoma Bank for their commitment and hard work.

Moving on to our Healthcare segment — Pun Hlaing Hospitals.

This year marked the 20th anniversary of our hospital network, two decades of continuously elevating healthcare standards across Myanmar.

Today, Pun Hlaing Hospitals operates three hospitals and six clinics, with a new specialty clinic soon to open in Aung Ban by the end of November. In addition to outpatient services and medical checkup, the new clinic will also offer dialysis and cancer treatment services.

Together with our partner G&G Store, we also launched three new lab collection centres, two in Yangon (North Dagon and Sanchaung) and one in Taunggyi with more to come across the country to broaden healthcare access.

After reviewing the hospital's current needs, the Board of Directors of Pun Hlaing Hospitals has decided to defer the plan to establish an oncology unit at Pun Hlaing Hospital in Hlaing Tharyar, Yangon. Instead, the focus will be on expanding the hospitals in Mandalay and Taunggyi. The Taunggyi hospital, currently a 100-bed facility, will be upgraded to a 250-bed hospital, with completion expected by early 2028. During this period, the existing services at Taunggyi Hospital will continue without interruption.

On the digital front, our HEAL by Pun Hlaing mobile app continues to enhance patient convenience, offering online consultations, doctor appointments, medical record access, pharmacy orders, home healthcare, and emergency ambulance services. The app now serves nearly 100,000 users and continues to evolve.

Pun Hlaing Hospitals contributed 19% of the Group's total revenue and 24% of its operating profit in FY2025, and is expected to maintain strong performance in the year ahead.

At the end of this month, Dr. Gershu Paul, our CEO of Pun Hlaing Hospitals, will be stepping down from his role, and Dr. Zaw Win Sandy, currently COO, will assume the position. I would like to express our heartfelt appreciation to Dr. Gershu for his leadership over the past decade. He will continue to serve as the Emeritus Patron on the Pun Hlaing Healthcare Council in an advisory capacity.

Dr. Zaw Win Sandy was invited by the Nomination Committee to serve as the Executive Director of FMI, an offer she accepted. She officially assumed her duties in June this year. We believe that her extensive experience and strong leadership will bring significant value to the Group. Her appointment as Executive Director will be confirmed at today's meeting in accordance with Clause 16.7 of the Company's Constitution, and we are confident that shareholders will support this decision.

Next, in our Real Estate segment — Yoma Land. For FMI, the key developments include the StarCity and City Loft West projects.

At StarCity, all 690 units of the Estella Townhouse project launched in October 2023 have been sold and fully developed and are being handed over in stages. To date, 582 units have been transferred to buyers, with the remaining 107 to follow shortly.

Similarly, 90.5% of the 634 units of the ARA project, designed for blue-collar residents have been sold, with handovers expected by December 2025.

All 11 towers of City Loft in StarCity have been fully handed over. New shops and restaurants have further enhanced the living experience, with now over 9,000 residents now living in the community.

At the City Loft West project in Hlaing Tharyar, three out of eight towers in Phase 1 are under construction concurrently, comprising a total of 715 apartments. Of these, 93% have already been sold. Although there were some initial delays due to site reassessments, construction has resumed since this year June and is expected to proceed close to the original timeline, with unit handovers anticipated as planned. This project is poised to become one of Yangon's signature residential developments on the western bank of the Hlaing River.

Lastly, in Tourism, Memories Group continues to navigate challenges facing Myanmar's tourism sector. Despite limited international visitors, Memories has sustained operations and minimised losses through cost control and disciplined management.

The Real Estate and Tourism businesses, as FMI's Associate Entities, contributed 55% of the Group's operating profit for FY2025 and are expected to continue delivering positive results in the coming year.

Despite a challenging environment, FMI achieved solid results in FY2025. Total revenue reached MMK 554.7 billion, an increase of 11.1% from MMK 499.1 billion in FY2024. Gross profit declined by 18.8% from MMK 202.6 billion to MMK 182.8 billion, while net profit decreased by 81.2% from MMK 58.1 billion to MMK 10.9 billion.

While the Group remains profitable, we will not be declaring dividends this year due to ongoing investment commitments. Once these are completed, we intend to distribute dividends immediately, without waiting for the next AGM.

Before closing, I would like to take a moment to honour two gentlemen who have left a lasting legacy at FMI.

First, our founder, U Theim Wai, whose vision and guiding principles continue to steer the path we follow today. His belief in "Building a better Myanmar for its people" remains a core mission of the Group. U Theim Wai stepped down from his executive duties in September 2024 but continues to serve as a shareholder. We honour his over 30 years of leadership, relentless dedication, and selfless contributions that have shaped FMI from its inception to its current position.

We would also like to take this opportunity to honour our late Non-Executive Chairman, U Linn Myaing, who passed away earlier this year. The Company will always remember his dedicated contributions and efforts. On behalf of the Board of Directors and the management team, I would like to extend our heartfelt condolences to his surviving family.

To fill the vacancy left by U Linn Myaing, the Nomination Committee has invited and appointed U Tin Htut Oo who has worked with the Group for many years to serve as the Non-Executive Chairman. U Tin Htut Oo brings extensive experience not only in agriculture and public service but also from holding national-level responsibilities and serving as an advisor and board member of public listed companies. We believe his expertise and experience will greatly strengthen the Group's corporate governance framework. His appointment will be confirmed at today's meeting in accordance with Clause 16.7 of the Company's Constitution, and we trust shareholders will endorse it.

FMI has been built over the years through a well-planned succession strategy, aimed at shaping the company into a professionally managed and sustainable organisation. Looking ahead, the Group remains committed to responsible growth, operational excellence, and continuous innovation as an international standard corporation.

Finally, I would like to thank our shareholders for their trust and support, our Directors for their guidance, and our management and staff for their hard work and dedication. Thank you all for joining today's Annual General Meeting, and I wish everyone the very best in the months and years ahead.